ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၅ – ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်

# မွန်ပြည်နယ်၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၅ – ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်

# မွန်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၁၅ ခုနှစ် ၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆ ။ )

၁၃၇၇ ခုနှစ် ၊ နတ်တော်လဆန်း ၁၃ ရက်

**(၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၂၄ ရက်)**

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၅ – ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ၊ မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁) ၊ (၂) နှင့်(၃)တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲ နိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ ၂၀၁၅ ခုနှစ် ၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ သက်ဆိုင်ရာဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်

ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

# မွန်ပြည်နယ်အစိုးရအဖွဲ့၊မွန်ပြည်နယ်လွှတ်တော်၊မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် မွန်ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁။ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၄၅.၂၅၀ | | | ၄၁.၅၀၆ | | | | ၁၈၆.၇၅၆ |
| ၂။ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၆.၆၇၀ | | | ၃၈.၅၀၀ | | | | ၄၅.၁၇၀ |
| ၃။ | ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် (သို့မဟုတ် ) ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၀.၇၉၂ | | | ၁.၇၀၄ | | | | ၂.၅၇၆ |
| ၄။ | ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် (သို့မဟုတ်) ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၀.၃၃၀ | | | ၇.၀၀၀ | | | | ၈.၁၃၀ |
| | | ပေါင်း | | ၁၅၃.၀၄၂ | | | ၈၉.၃၉၀ | | | | ၂၄၂.၆၇၂ |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် မွန်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁။ | ၁ | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၆၉.၁၂၇ | | | ၂.၀၀၀ | | | | ၇၁.၁၂၇ |
| | | ၁။အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၂၄.၈၆၀ | | | | | | | ၂၄.၈၆၀ |
| | | ၂။အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၄၄.၂၆၇ | | | ၂.၀၀၀ | | | | ၄၆.၂၆၇ |
| ၂။ | ၂ | သမဝါယမ | ၎င်း | ၀.၈၅၅ | | | | | | | ၀.၈၅၅ |
| | | ၁။အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၀.၈၅၅ | | | | | | | ၀.၈၅၅ |
| ၃။ | ၄ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၄.၅၄၀ | | | | | | | ၄.၅၄၀ |
| | | ၁။ ငါးလုပ်ငန်းဦးစီးဌာန | | ၃.၆၂၇ | | | | | | | ၃.၆၂၇ |
| | | ၂။မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၀.၉၁၃ | | | | | | | ၀.၉၁၃ |
| ၄။ | ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၀.၂၀၁ | | | ၀.၃၀၀ | | | | ၀.၅၀၁ |
| | | ၁။ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၀.၂၀၁ | | | ၀.၃၀၀ | | | | ၀.၅၀၁ |
| ၅။ | ၇ | ဘဏ္ဍာရေး | ၎င်း | | ၂၅.၁၀၀ | | ၀.၀၃၆ | | ၆၂၉.၄၇၉ | | ၆၅၄.၆၁၅ |
| | | ၁။ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၂၅.၁၀၀ | | ၀.၀၃၆ | | ၆၂၉.၄၇၉ | | ၆၅၄.၆၁၅ |
| ၆။ | ၉ | ဆောက်လုပ်ရေး | ၎င်း | ၁၇၆.၈၅၃ | | | ၃၃၂၅.၀၉၂ | | | | ၃၅၀၁.၉၄၅ |
| | | ၁။မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၄.၉၀၂ | | | ၃၄.၉၅၀ | | | | ၃၉.၈၅၂ |
| | | ၂။လမ်းဦးစီးဌာန | | ၁၇၁.၉၅၁ | | | ၃၂၉၀.၁၄၂ | | | | ၃၄၆၂.၀၉၃ |
| ၇။ | ၁၁ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၃၁၆.၉၉၈ | | | ၅၇.၆၀၇ | | | | ၃၇၄.၆၀၅ |
| | | ပေါင်း | | ၅၆၈.၅၇၄ | ၂၅.၁၀၀ | | ၃၃၈၅.၀၃၅ | | ၆၂၉.၄၇၉ | | ၄၆၀၈.၁၈၈ |

# မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁။ | | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၁၅·၇၄၁ | | | | | | | ၃၁၅·၇၄၁ |
| | | ၁။ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၃၁၅·၇၄၁ | | | | | | | ၃၁၅·၇၄၁ |
| | | ပေါင်း | | ၃၁၅·၇၄၁ | | | | | | | ၃၁၅·၇၄၁ |